**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**
Yangon Protestant Reformed Church
**တနင်္ဂနွေစာစောင်၊ နံပတ် (၆၉)**

**နေ့စွဲ – ၆. ၃. ၂၀၁၁**

## ခရစ်တော်၏ဗဟိုကျသောလူသားဇာတိအကြောင်း

(Christ's Central Human Nature)

ခရစ်တော်၌ စစ်မှန်သော၊ ပြည့်စုံသော၊ အပြစ်မဲ့သော၊ အားနည်းသောလူသားသဘာဝရှိသည်ဟု လေ့လာခဲ့ကြပြီ၊ ယခုထပ်၍ သီဩလောဂျီပညာရှင်အများက လစ်လျူရှုကြသည့် ပဉ္စမမြောက်ဂုဏ်လက္ခဏာကို ဆက်ပြောကြပါမည်၊– သူ၏ဗဟိုကျသောလူသားဇာတိအကြောင်း။

ထိုခေါင်းစဉ်ကပြောချင်သည်မှာ ခရစ်တော်သည် မာရိ၏အသွေးနှင့်အသားမှ မွေးဖွားလာပါသည်ဆိုသည့်အကြောင်းဖြစ်သည်။ သူသည် ဂျူးတယောက်ဖြစ်သည်၊ ဒါဝိတ်မျိုးနွယ်မှလာသည်၊ အာဗြဟံ၏အမျိုးအနွယ်တဦးဖြစ်သည်။ ထို့အပြင် အာဒံသားအစစ်တယောက်လည်းဖြစ်သည်၊ ကျွန်တော်တို့၏အသွေးအသား(အမျိုး)ဖြစ်ပါသည်။

ထိုအရာသည် သူ့ဘာသာသက်သေပြနေသလိုဖြစ်ပါသည်၊ သို့သော် အသင်းတော်သမိုင်းတလျှောက်တွင် ထိုအမှန်တရားကို တွင်တွင်ငြင်းဆိုခဲ့ကြသည်မှာ၊ ယနေ့ထိဖြစ်သည်။ အချို့က ခရစ်တော်သည် သူ၏ခန္ဓာကိုကောင်းကင်ဘုံမှတိုက်ရိုက်ယူလာခဲ့သည်၊ ထို့ကြောင့် ကိုယ်ဝန်ဆောင်စဉ်မွေးဖွားစဉ်၊ ရေပိုက်မှနေ၍ ရေဖြတ်သွားသလို၊ မာရိ၏ ဝမ်းဗိုက်မှ ဖြတ်သန်းသွားယုံသာဖြစ်သည်ဟု သင်ကြသည်။ (သို့) သူ၏လူသားဇာတိတိကို မာရိ၏ဝမ်းထဲတွင် အထူးစပယ်ရှယ်ဖန်ဆင်းသည်၊ ထို့ကြောင့် မျိုးနွယ်ဆက်အရ၊ အသွေးအသားအရ သူသည် မာရိသားမဟုတ်ပါဟု သင်ကြပါသည်။

ထိုသို့သောသွန်သင်မှုကို အသင်းတော်ပြန်လည်ပြုပြင်ရေးကာလ(ဆယ်ခြောက်ရာစု)၌ အန်နာဘတ်တစ်(နှစ်ခြင်းအသင်းတော်များ၏ရှေ့ပြေးများ)ကသွန်သင်ကြသည်။ မကြာခင်က (နှစ်ဆယ်ရာစု) နီယိုဩသိုဒေါ့သီဩလော်ဂျီပညာရှင် ကာလ်ဘာ့သ်(၂၈၈၆ ၊၉၆၈)ကလည်း သွန်သင်ပါသည်။ ၎င်းတို့က ထိုသို့သင်ရခြင်းမှာ ခရစ်တော်၏အပြစ်ကင်းခြင်းကို သက်သေပြနိုင်ကြရန်ဖြစ်သည်။ သခင်ယေရှုသည် လူသားမျိုးနွယ်မှသာမဟုတ်လျှင် သူ့ထံတွင် လူသား ၏အပြစ်များခြင်းတို့ ကူးဆက်မည့်အခွင့်အရေး ရှိနိုင်တော့မည်မဟုတ်ဟု ယူဆကြ၍ဖြစ်သည်။

သို့သော် ခရစ်တော်၏အပြစ်မဲ့ခြင်းကို သက်သေပြဖို့ ထိုအမြင်များကို ခံယူနေရန် မလိုအပ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ပဋိသန္ဓေယူခြင်းကိုယ်၌က အပြစ်မဲ့ခြင်းကို သက်သေပြပြီးဖြစ်ပါသည်၊ လုကာ ၁း၃၅။

အန်နာဘတ်တစ်နှင့်ကာလ်ဘာ့သ်တို့၏အမြင်များကို လက်ခံလျှင်၊ ခရစ်တော်သည် အပြစ်မှလွဲ၍ ကျန်အရာအားလုံးတွင် ကျွန်တော်တို့နှင့်တူသူဖြစ်သည်ဆိုသည့်အမှန်တရားကို ငြင်းရာရောက်နေပါမည်(ဟေဗြဲ ၂း၁၄၊ ၄း၁၅)။ ကိုယ်ဝန်ဆောင်ခြင်း၊ မွေးဖွားခြင်းတို့တွင်လည်း ကျွန်တော်တို့နှင့်အတူတူဖြစ်ပါသည်။

ခရစ်တော်သည် အသွေးအသားအရ၊ မျိုးနွယ်အရ လူ့မျိုးနွယ်မှမဟုတ်ပါဟု ပြောခြင်းသည်၊ အာဗြဟံ၏သားမဟုတ်ပါဟု ပြောခြင်းသည်၊ သူ့ကို အာဗြဟံနှင့်၎င်း၊ သူ၏သားသမီးတို့နှင့်၎င်း ပြုသောပဋိညာဉ်မှနေ၍ ဖြတ်ထုတ်ပစ်ခြင်းဖြစ်ပါသည်၊ ထိုပဋိညာဉ်၏ကတိတော်များမှနေ၍ ထုတ်ပယ်ပစ်ခြင်းဖြစ်ပါသည်။ ထိုသို့ဖြစ်လျှင် ထိုကတိတော်များသည် သူနှင့်ဆိုင်တော့မည်မဟုတ်ပါ၊ ထိုကတိတော်များသည် သူ့ထံ၌ ပြည့်စုံနိုင်ကြတော့မည်မဟုတ်ပါ။ သူ့ထံ၌ ယုံကြည်ခြင်းဖြင့် ရှိနေကြသော ဓမ္မသစ်ကာလခရစ်ယာန်များအတွက်လည်း ထိုကတိတော်များသည် ဘာမှ သက်ဆိုင်တော့မည်မဟုတ်ပါ။ ခရစ်တော်ကို အာဗြဟံနှင့်ဒါဝိတ်ထံမှ ဖြတ်ထုတ်ပစ်ခြင်းသည်၊ ဓမ္မဟောင်းကာလနှင့် ၎င်း၏ကတိတော်များမှနေ၍ ကျွန်တော်တို့ကို ဖြတ်ထုတ်ပစ်လိုက်ခြင်းသာဖြစ်ပါသည်။

ထို့ကြောင့် လူဇာတိခံယူခြင်းဖြင့် ခရစ်တော်သည် စစ်မှန်သောလူသားမျိုးနွယ်တဦးဖြစ်သည်၊ မျိုးနွယ်အရ မာရိ၏သားစစ်ဖြစ်သည်၊ မာရိမှနေ၍ အာဗြဟံနှင့်သူ့မျိုးနွယ်များ၏ဆွေမျိုးဖြစ်သည် ဆိုသော တန်ဖိုးကြီးလှသည့်အမှန်တရားကို ကျွန်တော်တို့ ကိုင်ဆွဲကြပါမည်။ ကျွန်တော်တို့၏ကယ်တင်ခြင်း၊ အာဗြဟံ၏သားသမီးများအဖြစ် ပဋိညာဉ်တွင်ပါဝင်ရခြင်းတို့သည် ထိုအမှန်တရားပေါ်တွင် တည်မှီနေပါသည်။

# ခရစ်တော်၏ထာဝရမျိုးနွယ်တော်အကြောင်း

(The Eternal Generation of Christ)

ခရစ်တော်သည် အရာခပ်သိမ်း၌ ခမည်းတော်နှင့်အဆင့်အတန်းတူပါသည် ဆိုသည့် ခရစ်တော်၏ ပြည့်စုံသောဘုရားဖြစ်ခြင်းကို ခုခံကာကွယ်ခြင်းတွင်၊ သူ၏ထာဝရမျိုးနွယ်တော်အကြောင်း ခုခံခြင်း ပါဝင်နေပါသည်။

မျိုးနွယ်တော်ဆိုသည့်စကားလုံးက ပြောချင်သည်မှာ ခမည်းတော်က သားတော်ကို မွေးဖွားခြင်း ဖြစ်ပါသည်။ မိခင်တို့က ကိုယ်ဝန်ဆောင်သည်၊ ဖခင်တို့က မျိုးနွယ်ကိုဆက်လက်စေသည်ဟု ပြောလေ့ရှိပါသည်။ ခရစ်တော်၏မျိုးနွယ်တော်ဟုပြောသောအခါ၊ သုံးပါးတဆူ၏ဒုတိယပုဂ္ဂိုလ်အဖြစ်၊ သူသည် ဘုရားသခင်၏သားတော်ဖြစ်သည်ကိုပြောခြင်းဖြစ်သည်။ ပထမပုဂ္ဂိုလ်သည် သူ၏ဖခင်ဖြစ်သည်။ ထို့ကြောင့် မျိုးနွယ်တော်(generation) ဆိုသောစကားလုံးကို နောက်တမျိုးဖြင့်ပြောရလျှင် မွေးဖွားခြင်း(begotten) ဖြစ်ပါသည်။ ခမည်းတော်နှင့်ဆက်နွယ်လျှင် ခရစ်တော်သည် တပါးတည်းသာမွေးဖွားထားသောသားတော်(the only begotten Son)ဖြစ်ပါသည်။

ကျွန်တော်တို့လူ့ဘဝ၏အတွေ့အကြုံအရ၊ သားတယောက် မွေးဖွားခြင်းသည် ဖခင်မှနေ၍လာပါသည်၊ အစပျိုးရှိပါသည်။ ထာဝရမျိုးနွယ်တော်ဟုပြောသည့်အခါ၊ သုံးပါးတဆူ၌ ပထမပုဂ္ဂိုလ်သည် ခမည်းတော်အဖြစ်၊ ခရစ်တော် – ဒုတိယပုဂ္ဂိုလ်ကို ထာဝရကာလမှနေ၍ မွေးဖွားတော်မူခြင်းကို ပြောခြင်းဖြစ်သည်၊ ထို့ကြောင့် အစပျိုးခြင်းမရှိပါ။ သူ၏ဖွားမြင်တော်မူခြင်းသည် ထာဝရကာလမှဖြစ်၍ သုံးပါးတဆူ၏ ဒုတိယပုဂ္ဂိုလ်သည် ပထမပုဂ္ဂိုလ်နောက်မှဖြစ်လာခြင်းမဟုတ်ပါ၊ ခမည်းတော်ထက်လည်း အဆင့်မနိမ့်ပါ။

ဤနေရာတွင် ကျွန်တော်တို့သည် ခရစ်တော် လူသားဇာတိခံ၍မွေးဖွားခြင်းကို ပြောနေကြခြင်းမဟုတ်ပါ။ ထိုသို့လူသားဇာတိခံမွေးဖွားချိန်တွင်လည်း သူသည် ဘုရားသခင်၏သားတော်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော် ၏ တန်ခိုးအားဖြင့် ကျွန်တော်တို့၏လူသားဇာတိကိုယူဆောင်၍ဖွားမြင်ခြင်းဖြစ်ပါသည်။ ထိုသို့ လူသားဇာတိခံမွေး ဖွားခြင်း၌မူ အစရှိနေပါသည်၊ ခမည်းတော်ထက်လည်း အဆင့်နိမ့်ပါသည်။ သူသည် သုံးပါးတဆူ၏ဒုတိယပုဂ္ဂိုလ်အ နေဖြင့်သာ ထာဝရကာလမှနေ၍မွေးဖွားထားခြင်းဖြစ်ပါသည်။

အာသန်နေစီးယန်းခံယူယုံကြည်ချက်(Athanasian Creed၊ အေဒီ ၃၀၀ ဝန်းကျင်)က ယခုလိုပြောပါသည်၊ "စစ်မှန်သောယုံကြည်ခြင်းက ငါတို့၏သခင်ယေရှုခရစ်တော်သည် ဘုရားသခင်၏သားတော်၊ ဘုရားသခင်နှင့်လူသား ဖြစ်သည်ဟု ယုံကြည်၍ ဝန်ခံချက်ပြုသည်။ ဘုရားသခင်အဖြစ်၊ ခမည်းတော်နှင့်အနှစ်သာရတခုတည်းဖြစ်သည်၊ ကမ္ဘာများမရှိခင် ဖွားမြင်တော်မူသည်။ လူသားအဖြစ်၊ သူ့မိခင်၏အသွေးအသားဖြင့် ဤမြေပေါ်တွင် မွေးဖွားလာခဲ့သည်။ သူ၏ဘုရားဖြစ်ခြင်းအရပြောလျှင် ခမည်းတော်နှင့်အဆင့်တူဖြစ်သည်၊ သူ၏လူသားဖြစ်ခြင်းအရပြောလျှင် ခမည်းတော်ထက် အဆင့်နိမ့်သူဖြစ်သည်။"

ခရစ်တော်၏ထာဝရမျိုးနွယ်တော်အမှန်တရားကို ယနေ့ချိန်တွင် အထူးပြုရန်အရေးကြီးနေပါသည်။ ယနေ့ချိန်၌ ဤအမှန်တရားကိုငြင်းပယ်ခြင်းသည် အချို့သောသူများအတွက် ဖက်ရှင်သဖွယ်ဖြစ်လာနေပါသည်။ မည်သို့သော ဆင်ခြေကိုပေးနေကြသည်ဖြစ်ပါစေ၊ သုံးပါးတဆူအမှန်တရားကို ငြင်းပယ်နေကြခြင်းသာဖြစ်ပါသည်။ ခရစ်တော်သည် ဘုရားသခင့်သားတော်အနေနှင့် ထာဝရကာလမှနေ၍ရှိနေသူမဟုတ်ခဲ့ပါလျှင် သူ့ထံ၌အစပျိုးရှိနေပါမည်။ အစပျိုးရှိလျှင် သူသည် ထာဝရပုဂ္ဂိုလ် မဖြစ်နိုင်တော့ပါ။ ထာဝရရှိနေသူ မဟုတ်လျှင် သူသည် စစ်မှန်သော၊ ပြည့်စုံသော ဘုရားသခင် မဟုတ်နိုင်ပါ။ သူသည် ပြည့်စုံသောဘုရားသခင်မဟုတ်လျှင် ကျွန်တော်တို့၏ကယ်တင်ရှင်မဟုတ်ပါ။

ခရစ်တော်၏ထာဝရမျိုးနွယ်တော်အမှန်တရားကို ငြင်းပယ်ခြင်းသည် ရှေးကရှိခဲ့သော အေရီယန်အယူဝါဒများ၏ အစိတ်အပိုင်းတခုဖြစ်ပါသည်။ အသင်းတော်၏သမိုင်းကြောင်းအစတွင် ထွက်ပေါ်လာခဲ့သည့်အမှားဖြစ်သည်၊ ၎င်းဝါဒက ခရစ်တော်သည် ဘုရားအငယ်စားကလေးဖြစ်သည်၊ ခမည်းတော်နှင့်အဆင့်မတူပါဟု ယနေ့ခေတ်ဩဝါဒအမှားများကသင်သလို သင်ခဲ့ပါသည်။ ထိုအေရီယန်တို့က တပါးတည်းသာမွေးဖွားထားသောသားတော်ဟုပြောသဖြင့်၊ခရစ်တော်တွင် အစပျိုးရှိရမည်၊ ခမည်းတော်ကဲ့သို့ ထာဝရရှိသူမဖြစ်နိုင်၊ ထို့ကြောင့် ခမည်းတော်နှင့်အဆင့်မတူဟု အတင်းအကြပ်ငြင်းခဲ့ပါသည်။

ခရစ်တော်၏ထာဝရမျိုးနွယ်တော်အကြောင်းကို သုတ္တံ ၈း၂၂–၃၀က ရှင်နေအောင်သင်ပေးပါသည်၊ ထိုနေရာ တွင် စကားပြောနေသူ၊ ဉာဏ်ပညာသည်၊ ခရစ်တော်၊ ဘုရားသခင်၏သားေတာ်ဖြစ်ပါသည်။ ထိုနေရာတွင် သူက"ငါ့ ကို ထာဝရကာလမှနေ၍ရှိစေသည်၊ ကမ္ဘာလောကမရှိမှီ၊ အစအဦးကထဲကဖြစ်သည်၊ ထိုအချိန်ကထဲက

ငါသည် သူ့ ဘေးတွင်ရှိနေသည်၊ သူနှင့်အတူ ကြီးပြင်းလာခဲ့သူလိုဖြစ်သည်”ဟု ပြောပါသည်။ ထိုသို့သော တူညီသည့်အိုင်ဒီယာ ကို မိက္ခာ ၅း၂၊ ၁ကော ၁း၂၄၊ ကော ၁း၁၅ တို့တွင်တွေ့ရပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ကျမ်းစာကိုသာ ယုံကြည်ကြပါမည်၊ အမှန်တရား၏ရန်သူများကို ခရစ်တော်သည် ကျွန်တော်တို့၏ သခင်နှင့်ဘုရားဖြစ်၏ ဆိုသော ကျွန်တော်တို့၏ခံယူယုံကြည်ချက်အမှန်တရားအား ယူသွားခွင့် မပြုကြပါ။

## ခရစ်တော်၏အပျိုစစ်မှမွေးဖွားလာခြင်းအကြောင်း

(The Virgin Birth of Christ)

ကျွန်တော်တို့ယုံကြည်ခြင်း၏အခြေခံအကြောင်းတရားများထဲမှတခုမှာ ခရစ်တော်၏အပျိုစစ်မှမွေးဖွားခြင်း အကြောင်းဖြစ်ပါသည်။ ခရစ်တော်၏ လူသားဇာတိသည် စစ်မှန်သည်၊ အရေးကြီးသည်ဟုယုံကြည်ခြင်းသည် သူ၏ အပျိုစစ်စစ်မှမွေးဖွားလာခြင်းကိုယုံကြည်ခြင်းနှင့် ခွဲ၍မရအောင် ဆက်စပ်နေပါသည်။

ဤအမှန်တရားသည် အခြေခံကျလှသဖြင့် မကြာခဏ ငြင်းပယ်ခြင်းကိုခံရပါသည်။ ရှေးအခါက နော့စ်စ တစ်(Gnostics)ဆိုသည့်အဖွဲ့များက ခရစ်တော်၏အပျိုစစ်စစ်မှမွေးဖွားလာခြင်းကို ငြင်းပယ်ခဲ့ကြသည်။ ယနေ့တိုင် အောင် ထိုအမှန်တရားကို ငြင်းပယ်နေကြပါသည်။

အချို့သောခေတ်ပေါ် ဘာသာပြန်ကျမ်းများက ခရစ်တော်၏အပျိုစစ်စစ်မှမွေးဖွားလာခြင်းကို ငြင်းပယ်ရန် ဟေရှာယကျမ်း ၇း၁၄ ရှိ “အပျိုစစ်စစ်”ဆိုသောစကားလုံးကို “မိန်းမငယ်”ဟု ဘာသာပြန်တတ်ကြသည် (ဥပမာ – Revised Standard Version ကျမ်း)။ မားမွန်အဖွဲ့များ(Mormons)ကလည်း ထိုအမှန်တရားကိုငြင်းပယ်ကာ၊ ခရစ်တော် သည် ခမည်းတော်ဘုရားနှင့်မာရိ သံဝါသပြုခြင်းဖြင့် မွေးဖွားလာသည်ဟု စော်ကားသောစကားကို ပြောဆိုကြသည်။ ယနေ့ခေတ်လူအများက အပျိုစစ်စစ်မှမွေးဖွားလာခြင်းအကြောင်းသည် ရှေးခေတ်ဦးအသင်းတော်များကသာ ယုံ ကြည်ကြသော ဒဏ္ဍာရီပုံပြင်သာဖြစ်သည်ဟု ယူဆကြသည်။ ယနေ့ခေတ်အတွက် ခေတ်မမှီတော့ဟု ပြောကြသည်။ ထိုသို့သောဆန့်ကျင်မှုများက ဤအမှန်တရား၏အရေးကြီးမှုကို သက်သေထူနေခြင်းဖြစ်သည်။ နတ်ဆိုးသည် နောက် ဆက်တွဲရလဒ်မရှိဘဲ အမှန်တရားများကိုဆန့်ကျင်ရန် မိမိအချိန်ကို မဖြုန်းတတ်ပါ။

ခရစ်တော်၏အပျိုစစ်စစ်မှမွေးဖွားလာခြင်းသည် အရေးကြီးလှပါသည်၊ ပထမအနေနှင့် ထိုအမှန်တရားက သူ၏လူသားဇာတိသည် စစ်မှန်ကြောင်း သက်သေခံနေ၍ဖြစ်ပါသည်။ ခရစ်တော်ထံ၌ လူသားဖခင်မရှိသော်ငြား သူ သည် ကျွန်တော်တို့လို မွေးဖွားလာခဲ့ပါသည်။ ထိုသို့မဟုတ်ခဲ့ပါလျှင်၊ သူသည် အပြစ်မှလွဲ၍ ကျန်အားလုံး၌ ကျွန် တော်တို့နှင့် တူညီသူ ဖြစ်မလာနိုင်ပါ (ဟေဗြဲ ၂း၁၇၊ ၄း၁၅)။

အပျိုစစ်စစ်မှမွေးဖွားလာသူ ဆိုသောစကားလုံးကိုယ်၌က သူသည် မာရိ၏အသွေးအသားမှမွေးဖွားလာသူ လူတဦးဖြစ်သော်လည်း၊ “သူသည် အသွေးအသားအလိုဆန္ဒကြောင့် မွေးလာသူမဟုတ်ကြောင်း၊ လူ၏အလိုဆန္ဒ ကြောင့်မွေးလာသူမဟုတ်ကြောင်း၊ သို့သော် ဘုရားသခင်၏အလိုတန္ဒအရ မွေးလာသူဖြစ်ကြောင်း”ကို သက်သေပြ နေပါသည် (ယော ၁း၁၃)။ ရှေးကထဲက ဟေရှာယက ပြောခဲ့သလိုဖြစ်ပါသည်။ အပျိုစစ်စစ်မှမွေးဖွားလာခြင်းသည်၊ သခင်ယေရှု၏မောနွေလ ဘုရားသခင်သည်ငါတို့နှင့်အတူရှိတော်မူ၏ဆိုသည်ကို ပေါ်ပြသော ပုံသက်သေဖြစ်ပါ သည်(ဟေရှာ ၇း၁၄)။

အပျိုစစ်စစ်မှမွေးဖွားလာခြင်းကိုယုံကြည်သဖြင့် မာရိသည် အပျိုစစ်စစ်ဆက်ဖြစ်နေပါသည်ဟု ယုံကြည်ခြင်း မဟုတ်ပါ၊ ထိုသို့ ကက်သလစ်ဂိုဏ်းများက သွန်သင်ကြသည်၊ အသင်းတော်ပြန်လည်ပြုပြင်ခြင်းခေတ်က ဆွစ်လူမျိုး ပြန်လည်ပြုပြင်သူ ဇွင်လီကလည်း ထိုသို့သင်ပါသည်။ ခရစ်တော်၏အပြစ်ကင်းမဲ့ခြင်းကို မာရိ ခရစ်တော်မမွေးဖွားမီ အပျိုစစ်စစ်ဖြစ်ခဲ့ခြင်း၊ မွေးဖွားပြီးနောက်ပိုင်းတွင်လည်း အပျိုစစ်စစ်ဆက်ဖြစ်နေခြင်းတို့က အာမခံပေးခြင်းမဟုတ်ပါ၊ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးဖြင့် ကိုယ်ဝန်ဆောင်လျှက် မွေးဖွားလာခြင်းကသာ အာမခံပေးခြင်းဖြစ်ပါသည်။ လုကာ ၁း၃၅ က “သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အပေါ်ရောက်လာကာ၊ ––––– ထိုသို့ဖြင့် သင့်ထံမှမွေးဖွား လာမည့် သန့်ရှင်းသူကို ဘုရားသခင်၏သားတော်ဟုခေါ်ရမည်”ဟု သေချာစွာပြောပြပါသည်။

အပျိုစစ်စစ်မှမွေးဖွားလာခြင်းသည် နားလည်ရခက်သောအရာဖြစ်သည်ဆိုခြင်းက ကျွန်တော်တို့ကို မအံ့သြ စေသင့်ပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းအမှန်တရားသည် ကျေးဇူးတော်၏အံ့သြစရာ၊ အံ့သြဖွယ်ရာတို့၏ အစိတ် အပိုင်းတခုဖြစ်နေ၍ဖြစ်ပါသည်။ သာမန်ကိုယ်ဝန်ဆောင်ခြင်းနှင့်မွေးဖွားခြင်းတို့ကပင် နားလည်ရခက်သောနက်နဲမှု ဖြစ်နေရာ၊ ခရစ်တော်ဤလောကသို့ကြွလာပုံကြွလာနည်းကို မည်သို့လျှင် အကုန်အစင် နားလည်နိုင်ပါမည်နည်း

? ထို့ကြောင့် လူအများက ထိုအမှန်တရားကို အထင်သေး၊ မေးငေါ့ပြနေကြခြင်းကိုလည်း အံ့သြစရာအကြောင်း မရှိပါ။ ခရစ်တော်၏အပျိုစစ်စစ်မှမွေးဖွားလာခြင်းသည် သူ ကျွန်တော်တို့ကယ်တင်ရှင်အဖြစ် ပြုလုပ်ပေးသောအလုပ်များထဲ တွင် ပါဝင်နေ၍ဖြစ်ပါသည်။ ယုံကြည်ခြင်းကသာ သူ့ကိုလက်ခံနိုင်ပါသည်၊ သူနှင့်ပတ်သက်သောအမှန်တရားများကို လက်ခံနိုင်ပါသည်။

ခရစ်တော်၏အပျိုစစ်စစ်မှမွေးဖွားလာခြင်းအံ့သြစရာက သူ၏အသွေးအသားဖြင့်ပြုတော်မူပေးသည့် ပို၍အံ့သြစရာကောင်းသောအရာများဖြစ်သည့် နာကျင်စွာခံစားခြင်း၊ အသေခံခြင်း၊ ခမည်းတော်က သူ့အားပေးသောသူအားလုံးတို့၏အပြစ်များအတွက် အသေခံခြင်းတို့ကို ပြည့်စုံနိုင်ပါစေဟု ဆန္ဒပြုပါသည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++++++++++++++

ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၂၄)

၁၀း၁–၇

၁ – ခွန်အားကြီးသောကောင်းကင်တမန်တပါးသည် မိုးတိမ်ကိုဝတ်လျက်၊ ကောင်းကင်ကဆင်းသက်သည်ကို ငါမြင်၏။ သူ၏ခေါင်းပေါ်၌ သက်တံ့ရှိ ၏။ သူ၏မျက်နှာသည် နေကဲ့သို့ဖြစ်၏။ သူ၏ခြေသည် လည်း မီးခဲကဲ့သို့ဖြစ်၏။ ၂ – ဖွင့်ထားသောစာစောင်ငယ်ကို ကိုင်လျက်ရှိ၏။ လက်ျာခြေသည် ပင်လယ်ပေါ်မှာ၄င်း၊ လက်ဝဲခြေသည် မြေကြီးပေါ်မှာ၄င်းနင်း၍၊ ၃ – ခြင်္သေ့ဟောက်သကဲ့သို့ ကြီးသောအသံနှင့် ကြွေးကြော်လေ၏။ ကြွေးကြော်ပြီးမှ မိုးကြိုးသံခုနစ် ချက် မြည်လေ၏။ ၄ – မိုးကြိုးသံခုနစ်ချက်မြည်ပြီးမှ ငါသည် ရေးမှတ်မည်အားထုတ်သော်၊ ကောင်းကင်မှထွက်သောအသံကား၊ မိုးကြိုး သံခုနစ်ချက်မြည်သောအရာကို တံဆိပ်ခတ်လော့။ မရေးမှတ်နှင့်ဟု ဆိုသည်ကို ငါကြား ၏။ ၅ – ထိုအခါ၊ ငါမြင်၍ မြေနှင့်ပင်လယ်ပေါ်မှာ ရပ်နေသော ကောင်းကင်တမန်သည် လက်ျာလက်ကိုကောင်းကင်သို့ချီပြီးလျှင်၊ ၆–၇ – ဘုရားသခင်၏ကျွန်တော်မျိုးပရောဖက်တို့အား ဝမ်းမြောက်စရာသတင်း တော်ကို ဗျာဒိတ်ထားတော်မူသည်နှင့်စပ်ဆိုင်သော ဘုရားသခင်၏ နက်နဲသောအရာသည်၊ ကာလမနှေးဘဲ သတ္တမကောင်းကင်တမန် တံပိုးမှုတ်ခြင်း အသံမြည်သောနေ့ရက်ကာလ၌၊ ပြည့်စုံခြင်းသို့ရောက်မည်ဟု ကောင်းကင်မြေကြီး၊ သမုဒ္ဒရာကို၄င်း၊ အရပ်ရပ်၌ ရှိရှိသမျှတို့ကို၄င်း၊ ဖန်ဆင်း၍ ကမ္ဘာအဆက်ဆက် အသက်ရှင် တော်မူသောသူကို တိုင်တည်၍ ကျိန်ဆိုခြင်းကို ပြုလေ၏။

နောက်မကျဟုပေးသောကတိ

၁။ ဤအခန်းသည် နောက်ထပ်ကြားကာလအဖြစ်အပျက်ကို ဆက်ပြောနေခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ သတ္တမ မြောက်တံပိုးခရာကိုမမှုတ်ခင် ဘုရားသခင့်လူများကို နှစ်သိမ့်စကားပြောရန်၊ ရှေ့အခန်းများတွင်လာမည့် ပရောဖက် ပြုခြင်းများအတွက် ယောဟန်ကို ပြင်ဆင်မှုပြုပေးရန်ဖြစ်သည်။

၂။ ခွန်အားကြီးသောကောင်းကင်တမန်၊ တံပိုးခရာများကိုမှုတ်ကြသောကောင်းကင်တမန်များနှင့်မဆိုင်သည့် အလွန် စွမ်းအားကြီးသောကောင်းကင်တမန်ဖြစ်သည်။ သူသည် မိုးတိမ်ကိုဝတ်သည်၊ တန်ခိုး၊ တရားစီရင်နိုင်သောသြဇာအာ ဏာတို့ကို ပုံဆောင်ခြင်းဖြစ်သည်။ သူ့ခေါင်းပေါ်တွင် သက်တံ့ရှိသည်၊ သက်တံ့သည် တလောကလုံးအပေါ်ပြုသော ဘုရားသခင့်ပဋိညာဉ်ကို ပုံဆောင်သည်၊ ထို့ကြောင့် ထိုပဋိညာဉ်ကို အကောင်အထည်ဖေါ်နိုင်သူဟုဆိုလိုခြင်းဖြစ် သည်။ သူ၏မျက်နှာသည် နေကဲ့သို့ဖြစ်သည်၊ မင်းမျိုးမင်းနွယ်ဖြစ်ခြင်း၊ လုပခန်းနားကြီးကျယ်ခြင်းကိုပုံဆောင်သည်။ သူ၏ခြေသည် မီးတိုင်ကဲ့သို့ဖြစ်သည်၊ အမျက်ဒေါသ၊ တရားစီရင်ခြင်းတို့ကို ပုံဆောင်သည်။ ခြင်္သေ့ဟောက်သကဲ့သို့ ဟိန်းဟောက်သည်၊ ရှင်ဘုရင်တို့၏အမျက်ဒေါသ၊ ကြီးကျယ်ခန်းနားသောတန်ခိုးကို ပုံဆောင်သည်။ သူ၏လက်တွင် စာအုပ်ငယ်တအုပ်ရှိသည်၊ ထိုအကြောင်းကို အငယ်(ဂ)တွင်ဖေါ်ပြပါမည်။ သူ၏ညာဖက်ခြေကို ပင်လယ်ပေါ်သို့၊ ဘယ်ဖက်ခြေကို မြေကမ္ဘာပေါ်သို့ ချထားသည်၊ အရာအားလုံးသည် တရားစီရင်ခြင်း၌ သူ့ခြေအောက်တွင်သာရှိကြ သည်ကို ပုံဆောင်သည်။

ဤကောင်းကင်တမန်သည် သခင်ခရစ်တော်ကိုယ်တိုင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အထက်ကဖေါ်ပြသော တန်ခိုးနှင့်စီရင်ခွင့်များကို မည်သည့်ကောင်းကင်တမန်ထံ၌မျှ ပေးထားခြင်းမရှိပါ။ သူသည် ဤနေရာတွင် တရားစီ ရင်သောဘုရင်အဖြစ် ပေါ်လာခြင်းဖြစ်သည်။ တရားစီရင်တော့မည်ဆိုသည့်အမြင်မှတွေ့ရခြင်းဖြစ်သည်။

၃။ မိုးကြိုးသံခုနစ်ချက်၊ မိုးကြိုးသံက အမျက်ဒေါသနှင့်တရားစီရင်ခြင်းတို့ကို ပုံဆောင်ပါသည်။ မိုးကြိုးသံခုနစ်ချက် ဟုဆိုသောကြောင့် ဘုရားသခင့်နိုင်ငံတော်ပြည့်စုံလာဖို့၊ ပဋိညာဉ်ပြည့်စုံလာဖို့ ရောက်လာမည့်တရားစီရင်ခြင်းများ

ဖြစ်သည်။ ထိုမိုးကြိုးသံများကပြောပြသောအကြောင်းအရာများသည် ကွယ်ဝှက်လျှက်ရှိနေရန် ယောဟန်ကို မှတ်တမ်းမတင်ခိုင်းပါ။
အနက်ဖွင့်သူအများက မျိုးစုံသောရှင်းပြချက်များကို ပြောပြတတ်ကြသည်။ ထိုသို့ပြုခြင်းသည် မှားပါသည်၊ အဘယ်ကြောင့်ဆိုသော် ကျမ်းပိုဒ်ကိုယ်၌က ကွယ်ဝှက်ထားရမည့်အရာဟုပြောနေပါသည်။ ထို့ကြောင့် ထိုမိုးကြိုးသံခုနှစ်ချက်က ပြောသောအရာသည် ကျွန်တော်တို့သိသည်ထက်မသိခြင်းက ပိုကောင်းသည်ဟု ဘုရားသခင်က ဆုံးဖြတ်ပါ သည်၊ စပ်စပ်စုစု လုပ်မနေသင့်ပါ။
၄။ ကျိန်ဆိုခြင်း၊ ညာဖက်လက်ကိုကောင်းကင်သို့မြှောက်သည်ဆိုခြင်းမှာ ဘုရားသခင်ကိုတိုင်တည်၍ကျိန်ဆိုခြင်းဖြစ်သည်။ ထာဝရအသက်ရှင်သူအနေနှင့်၄င်း၊ အရာခပ်သိမ်းကိုဖန်ဆင်းသူ တန်ခိုးတော်အနန္တရှင်အနေနှင့်၄င်း ကျိန်ဆိုခြင်းဖြစ်သည်။ ကျိန်ဆိုသောအရာမှာ၊ နှောင့်နှေးခြင်းဘာမှမရှိရ၊ အဆုံးသတ်သည် ရောက်ကိုရောက်ရမည်၊ နီးပြီဟုဖြစ်သည်။ တံပိုးမှုတ်ခြင်းခုနှစ်ခုပြီးလျှင် ဘုရားသခင်၏နက်နဲခြင်းအားလုံး အဆုံးသတ်ရောက်ရမည်။ ဘုရားသခင် ၏နက်နဲခြင်းဆိုသည်မှာ ဧဝံဂေလိသတင်းကောင်း၊ ကယ်တင်ခြင်းရမည်ဟု ကတိပေးခြင်းဖြစ်သည်၊ ကောင်းကင်နိုင် ငံတော်နှင့်၄င်း၊ ၄င်း၏ပြည့်စုံလာခြင်းနှင့်၄င်း ချမှတ်ထားသော ဘုရားသခင်၏ ရည်ရွယ်ချက်ဖြစ်သည်။ ဗျာဒိတ်ဖွင့်ပြ ချက်အားဖြင့်သာ သိနိုင်ပါသည်။ ကမ္ဘာဦးကပင် သူ၏ပုရောဖက်များအားဖြင့် မိမိလူများထံ ပေးထားခဲ့သောကတိ တော်များကို ဆိုလိုပါသည်။

================================================================================

## အပြစ်ခွင့်လွှတ်ခြင်း၏ သက်သေအထောက်အထား (ဒုတိယပိုင်း)

## The Evidence of Forgiveness (Part 2)

**ခွင့်မလွှတ်တတ်သော အစေခံ**

ဘုရားသခင်၏ကြီးမြတ်လှသော အပြစ်ခွင့်လွှတ်ခြင်းကို ကျွန်တော်တို့၏အသက်တာများထဲတွင် ထင်ရှားပေါ်လွင်နေစေရမည်ဖြစ်၏။ ဤအမှန်တရားကို ပုံဥပမာထဲမှ (ဘုရင်ကြီး ထံအကြွေးပေးရန်ရှိသော်လည်းအပြစ်ခွင့်လွှတ်ခြင်းခံရသော) မြီစားတဦးနှင့် သူ့ကိုအကြွေးပေးရန်ရှိသောသူ၏လုပ်ဖေါ်ဆောင်ဖက်တဦးတို့ ထိပ်တိုက်ရင်ဆိုင်တွေ့ကြသောအခန်းတွင် ပီပြင်ထင်ရှားစွာ ဆက်လက်သရုပ်ဖေါ်ပေးထား၏။

ထိုသူက သူ၏လုပ်ဖေါ်ဆောင်ဖက်အပေါ်ဆက်ဆံပြုမူပုံနှင့် သူ၏ဘုရင်ကြီးက သူ့အပေါ်ဆက်ဆံပြုမူပုံတို့အကြားတွင် ထင်ရှားသိသာသော ခြားနားချက်ကြီးများရှိနေ၏။ (ပထမအချက်)– သူသည် သူ၏လုပ်ဖေါ်ဆောင်ဖက်တဦး(သူနှင့်အဆင့်အတန်းတူသူ) နှင့်ရင်ဆိုင်တွေ့နေခြင်းဖြစ်၏။ သူသည် သူ၏လုပ်ဖေါ်ဆောင်ဖက်ဖြစ်သူထက်မည်သည့်နေရာတွင်မှကြီးမြတ်ခြင်းမရှိပါ။ ရာထူးပိုင်းအရဖြစ်စေ၊ လုပ်ပိုင်ခွင့်အာဏာပိုင်းအရဖြစ်စေ သူ၏လုပ်ဖေါ်ဆောင်ဖက်အပေါ်တွင် တစုံတခုတောင်းဆိုနိုင်ခွင့် ဘာမှမရှိပါ။ သူသည် သူ၏အရှင်သခင်ဖြစ်သူဘုရင်ကြီး၏ အစေခံတဦးမျှသာဖြစ်၏။ သူသည် သူ၏ဘုရင်ကြီးအပေါ်တွင် ရှိသေလေးစားရန်နှင့် နာခံလိုက်လျှောက်ရန် တာဝန်အပြည့်ရှိနေသော်လည်း၊ သူ၏လုပ်ဖေါ်ဆောင်ဖက်ဖြစ်သူက သူ့အပေါ်တွင်ထိုသို့လုပ်ဆောင်ပေးရန် ဘာတာဝန်မျှမရှိပါ။

(ဒုတိယအချက်)– ဤအစေခံသည် သူ၏ဘုရင်ကြီးအပေါ်တွင် ငွေ(သိန်းပေါင်းတသိန်းခွဲ)အကြွေးတင်ရှိနေသော်လည်း၊ သူ၏လုပ်ဖေါ်ဆောင်ဖက်ဖြစ်သူက သူ့အပေါ်တင်နေသောအကြွေးမှာ ဒေနာရိတရာ (ကျပ်ငွေအားဖြင့် တသောင်းခွဲ) မျှသာဖြစ်၏။ သခင်ဘုရားက ကြွေးမြီနှစ်ခု၏ကြီးမားလှစွာခြားနားပုံကို ပေါ်လွင်ထင်ရှားအောင် တမင်လုပ်လိုက်ခြင်းဖြစ်၏။

(တတိယအချက်)– ဘုရင်ကြီးက စာရင်းအင်းများကိုစစ်ဆေးစေရန် ပုံမှန်သဘောစေခိုင်းလိုက်ခြင်းသာဖြစ်သည်။ သို့သော် အစေခံဖြစ်သူသည် သူ၏လုပ်ဖေါ်ဆောင်ဖက်ကို ဘာတခုမှရှင်းပြခွင့်မပေးခဲ့ပါ။ သူသည် သူ၏လုပ်ဖေါ်ဆောင်ဖက်ဖြစ်သူ၏ လည်ပင်းကိုကြမ်းတမ်းစွာဖမ်းဆုပ်ပြီး လည်ပင်းညှစ်သတ်ရန်ကြိုးစည်ခဲ့သည်။

(နောက်ဆုံးအချက်)– သူ၏လုပ်ဖေါ်ဆောင်ဖက်က အကြွေးဆပ်နိုင်ဖို့ အချိန်နည်းနည်းပေးပါရန်တောင်းဆိုခဲ့သော်လည်း (ဘုရင်ကြီးကိုသူကတောင်းပန်ရာတွင် သုံးခဲ့သောစကားလုံးများအတိုင်း သူ့ကိုတောင်းပန်သော်လည်း) ခွင့်မလွှတ်တတ်သောအစေခံ၌သနားညှာတာမှုတခုမှမရှိခဲ့ပါ။ သူက အကြွေးကိုချက်ချင်းပြန်ဆပ်ပေးရန်၊ သို့မဟုတ်လျှင် ထိုက်သင့်သောအပြစ်ဒဏ်ကျခံစေရန်–တောင်းဆိုခဲ့သည်။ သူ၏လုံးဝအသနားအညှာတာကင်းမဲ့ပုံသည် ထိတ်လန့်အံ့သြဘွယ်အကောင်းဆုံးဖြစ်၏။

အဖြစ်အပျက်အလုံးစုံကို စိတ်နာကျည်းစွာဖြင့် ဘုရင်ကြီးထံသို့သွား၍တိုင်ကြားကြသည်။ ဘုရင်ကြီးလည်း ဒေါသူပုန်ထလျက် အသုံးမကျသောအစေခံအား –သူခံစားလိုက်ရသော သနားဂရုဏာအတိုင်းအတာ၊ သူတပါးကိုသ

နားဂရုဏာပြန်လည်ပြသရမည့် သူ၏တာဝန်ဝတ္တရား၊ သူနှင့်ထိုက်တန်သော အပြစ်ဒဏ်၏ပမာဏ –တို့ကို သတိရသွားအောင် နောက်တကြိမ်ထပ်၍ပြောပြလိုက်၏။

ကျွန်တော်တို့၏ တဦးကိုတဦးအပြစ်ခွင့်လွှတ်ခြင်းအကြောင်း

သခင်ဘုရားက ဤနည်းလမ်းအားဖြင့် နိုင်ငံတော်ထဲတွင်ပါဝင်နေသောသူများနှင့် သခင်ခရစ်တော်၏အသင်းတော်ဝင်များ၏အကြား ထားရှိရမည့်အရေးကြီးသောဆက်ဆံရေးပုံစံတရပ်ကို သွန်သင်ပေးလိုက်ခြင်းဖြစ်၏။

ကျွန်တော်တို့အပြစ်ပြုလုပ်မိကြသောအခါ ဘုရားသခင်အား ဆန့်ကျင်ကျူးလွန်မိကြခြင်းမျှသာမကဘဲ ကျွန်တော်တို့၏မိတ်ဆွေသန့်ရှင်းသူများကိုလဲဆန့်ကျင်ကျူးလွန်မိကြခြင်းဖြစ်ပေသည်။ ကျွန်တော်တို့ ကျူးလွန်လိုက်သောအပြစ်များဖြင့် လုပ်ဖေါ်ဆောင်ဖက်သန့်ရှင်းသူများကို ဆန့်ကျင်တိုက်လှန်၍၊ သူတို့ကိုနာကျင်အောင်လုပ်ကာ၊ သူတို့အပေါ်တွင်အကြွေးတင်သွားအောင်၊ ကျွန်တော်တို့ကိုယ်ကိုယ်လုပ်တတ်ကြသည်။

တချိန်ထဲမှာပင် အရေးကြီးသောခြားနားချက်တချို့ရှိနေသေး၏။ ကျွန်တော်တို့ ဘုရားသခင်ကိုဆန့်ကျင်အပြစ်ပြုမိသောအခါ (ကျွန်တော်တို့၏အသက်ကိုလက်တော်ထဲတွင်ထိန်းချုပ်ပေးထားသူ) ကျွန်တော်တို့ကိုဖန်ဆင်းသူ၊ ရှင်သန်ရပ်တည်နိုင်ရန်ထောက်မသူ – အားဆန့်ကျင်အပြစ်ပြုလိုက်ခြင်းဖြစ်၏။ ဘုရားသခင်၏ အမြင့်ဆုံးသောအချုပ်အချာအာဏာ ကိုဆန့်ကျင်အပြစ်ပြုလိုက်ခြင်းဖြစ်၏။ ဘုရားသခင်၏ဘုန်းအသရေတော်ကို ခါးပြတိုက်ယူခြင်းဖြစ်၏။ သို့သော် ကျွန်တော်တို့အချင်းချင်းအပြစ်ပြုမိကြသောအခါ ကျွန်တော်တို့နှင့်အဆင့်တူသူအပေါ်အပြစ်ပြုမိခြင်းဖြစ်၏။ ကျွန်တော်တို့အားလုံး ဖန်ဆင်းခံသတ္တဝါများ၊ အပြစ်သားများ–သာဖြစ်ကြ၏။ ဘုရားသခင်၏ရှေ့တော်တွင် အဆင့်အတန်းအတူတူပင်ဖြစ်ကြ၏။

ကျွန်တော်တို့သန့်ရှင်းသူအချင်းချင်းအပေါ်တင်နေသောအကြွေးသည် ဘယ်လိုနည်းနှင့်မျှ မကြီးမားနိုင်ပါ။ ကျပ်သိန်းပေါင်းတသိန်းခွဲ နှင့် ကျပ်တသောင်းခွဲ ကွာခြားသည့်အတိုင်းပင်ဖြစ်၏။ ကျွန်တော်တို့အချင်းချင်းအပေါ်ပြစ်မှားမိကြသောကြောင့် တင်ရှိနေသောအကြွေးသည် ဘုရားသခင်အပေါ်တင်ရှိနေသော ကြွေးမြီနှင့်ယှဉ်ကြည့်ပါလျှင် မြူမှုန်သာသာမျှသာရှိပါ၏။

မည်သို့ပင်ဖြစ်စေ အသင်းတော်အတွင်းတွင် ကျွန်တော်တို့သည် အချင်းချင်းပေးဆပ်ရန်ကြွေးမြီအမြဲတမ်းရှိနေကြပါ၏။ ဤကမ္ဘာပေါ်တွင်ရှင်သန်နေသ၍ မည်သည့်သန့်ရှင်းသူမျှမပြည့်စုံပါ။ ကျွန်တော်တို့ကျူးလွန်လိုက်သမျှအပြစ်အားလုံးသည် ညီအကိုသန့်ရှင်းသူများနှင့် ကျွန်တော်တို့၏ဆက်ဆံရေးကို တနည်းမဟုတ်တနည်း ထိခိုက်စေလျက်ရှိ၏။ ကျွန်တော်တို့သည် အတူနေသန့်ရှင်းသူများအပေါ်တွင် အဆက်မပြတ်အကြွေးတင်နေပါကလား ဟူသော သိနားလည်ခြင်းဖြင့် အသက်ရှင်နေရမည်။ သို့မဟုတ်လျှင်လဲ ဤပုံဥပမာကကျွန်တော်တို့ကိုသတိပြုမိလာစေသောပုံစံအတိုင်းဆိုရလျှင် ကျွန်တော်တို့၏ညီအကိုသန့်ရှင်းသူများသည် သူတို့၏အပြစ်ကျူးလွန်မှုများအားဖြင့် ကျွန်တော်တို့အပေါ်တွင်အဆက်မပြတ်အကြွေးတင်နေကြပါ၏။

ဤပုံဥပမာကညွှန်ပြနေသောအချက်သည် ထင်ရှားနေပြီဖြစ်သောကြောင့်၊ အကယ်၍ကျွန်တော်တို့က ဘုရားသခင်အပေါ်ကျူးလွန်ထားသောအပြစ်များကို ခွင့်လွှတ်ခြင်းခံစားကြရပြီးဖြစ်လျှင် ညီအကိုသန့်ရှင်းသူများ၏အပြစ်များကိုလဲ ကျွန်တော်တို့အမှန်တကယ်ခွင့်လွှတ်ကြရပါမည်။ ဤအမှု၏သဘောသဘာဝထဲတွင် ဤအကြောင်းအရာလိုက်ပါလာ၏။ အကယ်၍ကျွန်တော်တို့သည် ကျွန်တော်တို့၏အပြစ်များကိုသိခဲ့လျှင်၊ ကျွန်တော်တို့က ဘုရားသခင်အပေါ်တင်ရှိနေသော ထိတ်လန့်ဘွယ်ရာအကြွေးများကြောင့် မိန်းမောတုန်လှုပ်သွားကြမည်သာဖြစ်၏။ သို့သော် ကျွန်တော်တို့အား ဘုရားသခင်ကအပြစ်လွှတ်ခြင်းတည်းဟူသော အံ့ဩကုန်နိုင်ဘွယ်အခွင့်ထူးကြီးကို ခံစားလိုက်ရသောအခါတွင် ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်ကြောက်ရွံ့ရှိသေလေးစားခြင်း တို့ဖြင့်ပြည့်လျှံသွားကြမည်သာဖြစ်၏။ သခင်ဘုရား၏ သနားဂရုဏာတော်ကြောင့်သာ ကျွန်တော်တို့ကိုလောင်ကျွမ်းမသွားခြင်းဖြစ်တော့၏။

ဤသနားဂရုဏာတော်သည် လုံးဝဥသုံမခံစားထိုက်သောအရာသာဖြစ်၏။ ဘုရားသခင်က ကျွန်တော်တို့အား အပြစ်ခွင့်လွှတ်ရန်မလိုပါ။ ဘုရားသခင်သည် ကျွန်တော်တို့၏ကြွေးမြီများကိုဖြေလွှတ်ပေးရန် ဘာတာဝန်မှမရှိပါ။ ကျွန်တော်တို့သည် အပြစ်ခွင့်လွှတ်ခြင်းနှင့်ထိုက်တန်အောင် ဘယ်လိုနည်းနှင့်မျှမလုပ်ဆောင်နိုင်ပါ။ အကယ်၍ ဘုရားသခင်က ကျွန်တော်တို့ကြွေးမြီများကိုခွင့်လွှတ်ရန်ငြင်းဆန်ပြီး၊ ငရဲပြစ်ဒဏ် ထာဝရကျခံစေခဲ့လျှင်လည်း၊ ကျွန်တော်တို့ စကားတခွန်းမှပြန်ပြောနိုင်ခွင့်မရှိပါ။ ကျွန်တော်တို့နှင့်ထိုက်တန်သောအရာကို တရားမျှတစွာခံစားရခြင်းသာဖြစ်ပါမည်။ ထိုသို့သော အံ့ဩကုန်နိုင်ဘွယ်အခွင့်ထူးကြီးကို ကျွန်တော်တို့ဘယ်လိုလုပ် ထိုက်တန်စွာကျေးဇူးတင်နိုင်ပါမည်နည်း?

ဤသို့တွေးမြင်ကြည့်နိုင်ခဲ့လျှင် ကျွန်တော်တို့၏ညီအကိုအား အပြစ်ခွင့်လွှတ်ရန်အတွက် အလွန်လွယ်ကူလာပါလိမ့်မည်။ တဖက်ကကြည့်လျှင် ကျွန်တော်တို့ဖက်က ပြုလုပ်ရမည့်ဝတ္တရားဖြစ်နေသလို၊ တဖက်ကကြည့်လျှင် ငြင်းဆန်၍မရအောင် ခွင့်လွှတ်ရမည့်အရာဖြစ်နေပါ၏။ အကယ်၍ ဘုရားသခင်၏အပြစ်ခွင့်လွှတ်သောဂရုဏာတော်ကို ကျွန်တော်တို့ လက်တွေ့ခံစားရပြီး၊ ဤဂရုဏာတော်၏ ရင်သပ်ရှုမောဘွယ်ရာကြီးမြတ်ခြင်း အနည်းငယ်မျှကို နားလည်ခဲ့ပါလျှင် ကျွန်တော်တို့၏ညီအကိုအားအပြစ်ခွင့်လွှတ်ဖို့ရန်လုံးဝအခက်အခဲရှိနိုင်မည်မဟုတ်ပါ။ ထိုအခါတွင် တော့သုံးကြိမ်သာ၊ သို့မဟုတ်လျှင်လဲ ရက်ရောခြင်းကိုပြသည့်အနေနှင့်ခုနစ်ကြိမ်မျှလောက်သာ ညီအကိုအပေါ်အပြစ်ခွင့်လွှတ်မည်မဟုတ်တော့ပါ။ ကျွန်တော်တို့၏ စစ်မှန်သောအပြစ်ခွင့်လွှတ်ခြင်း၌အဆုံးမရှိနိုင်တော့ပါ။ ဘုရားသခင်က ကျွန်တော်တို့ကို ထပ်ခါတလဲလဲ အပြစ်ခွင့်လွှတ်နေသည်ဖြစ်ရာ ကျွန်တော်တို့၏ဘုရားသခင်ထက် လျှော့ပေါ့လုပ်ဆောင်၍ မည်သို့ဖြစ်နိုင်မည်နည်း? ကျွန်တော်တို့သည် အပြစ်များကိုဝန်ချတောင်းပန်ကြရင်းနှင့် ထိုအပြစ်များကိုပင် ထပ်၍ထပ်၍ ကျူးလွန်နေကြသည်မဟုတ်ပါလား! ဤအပြစ်သံသရာစက်ဝန်းသည် တကြိမ်နှစ်ကြိမ်မျှသာ မဟုတ်ဘဲ ကျွန်တော်တို့ အသက်ရှင်နေသမျှကာလပတ်လုံး လည်ပတ်နေခြင်းဖြစ်၏။ ထိုသို့ဖြစ်သော်ငြားလည်း ဘုရားသခင်သည် အမြဲတမ်းသစ္စာရှိစွာ၊ ဂရုဏာရှိစွာ အပြစ်ခွင့်လွှတ်ပေးနေမြဲဖြစ်၏။ ဘုရားသခင်သည် ကျွန်တော်တို့ကို အပြစ်ခွင့်လွှတ်ပေးဖို့ရန် ဘယ်တော့မျှငြီးငွေ့စိတ်ပျက်မသွားပါ။

### ကျွန်တော်တို့၏ အပြစ်ခွင့်လွှတ်ရန်ငြင်းဆန်ကြခြင်းအကြောင်း

တဖက်ကကြည့်လျှင် ငြင်းဆန်၍မရအောင် ခွင့်လွှတ်ရမည့်အရာဖြစ်နေခြင်းသည်လဲ မှန်ကန်ပါသည်။ ဖြစ်နိုင်ခြေရှိသည်မှာ ကျွန်တော်တို့သည် မိတ်ဆွေသန့်ရှင်းသူများကို အပြစ်ခွင့်လွှတ်ဖို့ရန် ငြင်းဆန်နေနိုင်သည်။ အကယ်၍ ဤသို့ပြုမိပါက ကျွန်တော်တို့ကိုယ်တိုင်အပြစ်ခွင့်လွှတ်ခြင်းမခံရသေးပါ ဟူသောသက်သေအထောက်အထားပင် ဖြစ်တော့သည်။ တကယ်တမ်းကျတော့လဲ ဘုရင်ကြီး၏အစေခံသည် အမှန်တကယ်အပြစ်ခွင့်လွှတ်ခြင်းမခံခဲ့ရပါ။ သခင်ယေရှုက ထင်ရှားစွာသိစေချင်သောအချက်တခုကြောင့်သာ ပုံဥပမာထဲတွင် ထိုသူကိုအပြစ်ခွင့်လွှတ်ခြင်းခံရပြီး ပြီဟု ပြောခဲ့ခြင်းဖြစ်၏။ သို့သော် နောက်ဆုံး၌အကြွေးတင်သူအစေခံသည် ငရဲသို့ဆင်းသွားခဲ့ရ၏။

ထိုသို့ထင်ရှားစွာသိစေလိုသောအချက်ကို ဤပုံဥပမာထဲတွင် သခင်ဘုရားက – အကယ်၍ သင်တို့သည်လည်း ညီအကိုအားလုံး၏ ကျူးကျော်စော်ကားသမျှကို စိတ်နှလုံးပါလျက်အပြစ်မလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏အဘသည် ထိုနည်းတူသင်တို့ကိုစီရင်တော်မူလတံ့ဟူ၍–အပြန်အလှန်သဘောရှိသော ဆက်နွယ်မှုပုံစံတရပ်ဖြစ်ကြောင်း မိန့်တော်မူခဲ့ခြင်းဖြစ်၏။

ဤနေရာတွင် ကျွန်တော်တို့၏ညီအကိုက သူ၏အပြစ်များကိုနောင်တရပြီးကြောင်းသက်သေထင်ရှားစွာမပြဘဲနှင့် ကျွန်တော်တို့က စစ်မှန်စွာအပြစ်ခွင့်လွှတ်ဖို့ရန်မဖြစ်နိုင်ကြောင်း ဆန့်ကျင်ဖက်အဆိုတင်သွင်းနိုင်ပါသည်။ မှန်ပါသည်။ သို့သော် ဤအမှုအရာနှင့်စပ်လျှဉ်း၍ မှတ်ချက်(၂)ခု ပြုဖို့လိုသည်။ (ပထမဆုံးအချက်)–အကယ်၍ ကျွန်တော်တို့ညီအကိုက ကျွန်တော်တို့အပေါ်အပြစ်ပြုမိလျှင်၊ ကျွန်တော်တို့သည် နှိမ့်ချသော၊မေတ္တာပြသောစိတ်နှလုံးများနှင့် သူ့ထံသို့သွား၍ နောင်တရလာစေရန်ခေါ်ဆောင်ရမည်ဖြစ်၏။ ဤအကြောင်းကို (မဿဲ ၁၈း၁၅–၁၈)တွင် သခင်ဘုရားက သင်ကြားပေးထား၏။ ကျွန်တော်တို့သည် မောက်မာသောစိတ်ထားနှင့် အိမ်တွင်ထိုင်နေကာ သူလာ၍ တောင်းပန်မည့်အချိန်ကိုစောင့်မနေသင့်ပါ။ (ဒုတိယအချက်)–ပြစ်မှားသူညီအကိုထံသို့မသွားမီကထဲက ကျွန်တော်တို့၏စိတ်ထဲတွင်သူ့ကိုခွင့်လွှတ်ပြီးသားဖြစ်ရပါမည်။ ဘုရားသခင်သည်လည်း ကျွန်တော်တို့ကို ဤနည်းအတိုင်းဆက်ဆံခြင်းဖြစ်၏။ ကျွန်တော်တို့အပြစ်ခွင့်လွှတ်ခံရခြင်းသည် သခင်ခရစ်တော်၏လက်ဝါးကပ်တိုင်၏ ရည်မှန်းချက်တခုဖြစ်သလို၊ ဘုရားသခင်၏စိတ်ထဲ၊နှလုံးထဲမှ ပန်းတိုင်တခုလဲဖြစ်၏။ ထိုအပြစ်ခွင့်လွှတ်ခြင်းကို ကျွန်တော်တို့၏ အပြစ်များကိုဝန်ချတောင်းပန်ခြင်း နည်းလမ်းအားဖြင့် လက်တွေ့ခံစားနိုင်ခွင့်ရကြသည်။ ထို့ကြောင့် ကျွန်တော်တို့၏ညီအကိုထံသို့ သွားသည့်အခါတွင်လည်း ဤစိတ်သဘောကိုရောင်ပြန်ထင်ဟပ်ပြနေရမည်။ ကျွန်တော်တို့၏နှလုံးသားထဲတွင် သူ့ကိုအပြစ်ခွင့်လွှတ်ပြီးသားဖြစ်ရမည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့သောအခြေအနေရောက်မှသာ ညီအကို ၏ နောင်တရနိုင်မည့်လမ်းကို ကျွန်တော်တို့အမှန်တကယ်ရှာဖွေနိုင်ကြမည်ဖြစ်၍ပင်တည်း။ ထို့အတူ အပြစ်များကို ဖယ်ထုတ်လိုက်ပြီးချိန်တွင် ညီအကိုအချင်းချင်းမေတ္တာတရားနှင့် မိဿဟာယပြုခြင်းတို့ကို ပြန်လည်ထူထောင်နိုင်ကြ မည်ဖြစ်၏။

သို့သော် ကျွန်တော်တို့သည် ညီအကိုဖြစ်သူကို အပြစ်ခွင့်လွှတ်ခြင်းပြုရန်ခက်ခဲနေတတ်ကြောင်း မကြာခဏကြုံကြရ၏။ ကျွန်တော်တို့သည် ကြီးမြတ်ခြင်း၊နှိမ့်ချခြင်း တို့နှင့်စပ်ဆိုင်သောအတွေးများကို စိတ်ထဲမှာတွေးမြင်လျက် မိမိကိုယ်ကို တခုတည်းသောကောင်းမြတ်သည့်စံနှုန်းအဖြစ် မှတ်ယူတတ်ကြသည်။ ကျွန်တော်တို့သည် အပြင်ပန်း

အားဖြင့်၊ နှုတ်ခမ်းဖျားအားဖြင့် ခွင့်လွှတ်စကားပြောတတ်ကြသော်လည်း နှလုံးသားထဲမှမဟုတ်ပါ။ (ကျွန်ုပ်ခွင့်လွှတ်မည်၊ သို့သော် ကျွန်ုပ်ဘယ်တော့မျှမမေ့ပါ) –ဟူ၍ပြောတတ်ကြသည်။

အကယ်၍သာ ဘုရားသခင်က ကျွန်တော်တို့ကိုထိုကဲ့သို့ဆက်ဆံခဲ့လျှင် အလွန်ကြောက်စရာကောင်းသောအရာဖြစ်ပေမည်။ ဘုရားသခင်၏ကြီးမြတ်လှသော အပြစ်ခွင့်လွှတ်ခြင်းဂရုဏာတော်အကြောင်း သိမှတ်လျက်အသက်ရှင်နေကြသောကျွန်တော်တို့သည် နှလုံးသားထဲမှလာသောအပြစ်ခွင့်လွှတ်ခြင်း ရှိကြရမည်။ ကျွန်တော်တို့သည် လုံးလုံးလျားလျား၊ ရိုးသားစွာ၊ မေ့ပျောက်စွာ၊ ကျေးဇူးချီးမွမ်းစွာ–ဖြင့်ခွင့်လွှတ်ကြရပါမည်။ ကျွန်တော်တို့သည် ဘုရားသ ခင်ထံမှအပြစ်ခွင့်လွှတ်ခြင်းကို နေ့စဉ်လိုအပ်နေကြသူများဖြစ်ကြောင်းကို၄င်း၊ ကျွန်တော်တို့အားလုံး လက်ဝါးကပ်တိုင်ခြေတော်ရင်းသို့ အတူတကွသွားကြရမည်ဖြစ်ကြောင်းကို၄င်း၊ သိနားလည်နေရင်းမှ ညီအကိုခြင်းကို အပြစ်ခွင့်လွှတ်ကြရမည်ဖြစ်၏။ ကျွန်တော်တို့သည် မည်သူတဦးတယောက်ကိုမျှ လက်ဝါးကပ်တိုင်သို့ တဦးတည်းမခေလွှတ်နိုင်ပါ။ ကျွန်တော်တို့၏ကယ်တင်ရှင်က သူ၏သေခြင်းအားဖြင့်(ထိုက်တန်စွာ) ကျွန်တော်တို့အတွက်ရယူပေးခဲ့သော အပြစ်ခွင့်လွှတ်ခြင်းကို ခံစားနိုင်ဖို့ ထိုညီအကိုနှင့်အတူတကွ သွားရောက်အော်ဟစ်အသနားခံကြရမည်။ ဤနည်းလမ်းအားဖြင့် ဘုရားသခင်ကကျွန်တော်တို့ကိုခွင့်လွှတ်သကဲ့သို့ ကျွန်တော်တို့လည်း ထပ်ကာတလဲလဲ ခွင့်လွှတ်နိုင်စွမ်းရှိလာ ကြမည်ဖြစ်၏။ ကျွန်တော်တို့အပြစ်ခွင့်လွှတ်ကြသည်၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ သည် သခင်ခရစ်တော်၏ လက်ဝါးကပ်တိုင်တော်၏အံ့ဩဘွယ်ရာကောင်းမြတ်ခြင်းကို၄င်း၊ မိမိကိုယ်ကိုသော်၄င်း၊ အမြိတမ်းအရင်ဆုံးရှုမြင် ဆင်ခြင်ကြသောကြောင့်ဖြစ်သည်။ ထိုအခါ ကျွန်တော်တို့သည် သခင်ဘုရားသွန်သင်ပေးသည့်အတိုင်း –(သူတပါးက ကျွန်ုပ်တို့အပေါ်ပြစ်မှားသောအပြစ်များကို ကျွန်ုပ်တို့ခွင့်လွှတ်သကဲ့သို့ ကျွန်ုပ်တို့၏အပြစ်များကိုခွင့်လွှတ်တော်မူပါ)– ဟုစစ်မှန်စွာ ဆုတောင်းနိုင်လာမည် ဖြစ်၏။

ဤဆက်နွယ်မှုသည် အတုံ့အလှည့်ရှိသောဆက်နွယ်မှုမျိုးဖြစ်၏။ အကယ်၍ ကျွန်တော်တို့၏ညီအကိုအပေါ် အပြစ်ခွင့်လွှတ်ခြင်းမပြုနိုင်ခဲ့လျှင်၊ ကျွန်တော်တို့အား ဘုရားသခင်ကအပြစ်ခွင့်လွှတ်ခြင်းမပြုသေးသောကြောင့်ဖြစ်သည်။ ကျွန်တော်တို့၏အပြစ်များအတွက် အပြစ်ခွင့်လွှတ်ခြင်း မတွေ့ကြုံမခံစားကြရသေးသောကြောင့်ဖြစ်၏။ ဤနေရာတွင် သိမ်မွေ့သောမသိမသာကွဲပြားချက်တခုရှိနေသည်။ ကျွန်တော်တို့ အပြစ်ခွင့်လွှတ်ခြင်းမခံစားကြရ၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့၏အပြစ်များကို ဝန်ချတောင်းပန်ခြင်းမပြုကြသောကြောင့်ဖြစ်၏။ ကျွန်တော်တို့ ၏အပြစ်များကို ဝန်ချတောင်းပန်ခြင်းမပြုကြ၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့၏ မာန်မာနထောင်လွှားခြင်းထဲ တွင် အပြစ်မသိနိုင်တော့သောကြောင့်ဖြစ်၏။ ထိုမာန်မာနသည် ကျွန်တော်တို့ညီအကိုထက်ပို၍ကြီးမြတ်သည်ဟု မိမိ ကိုယ်ကိုထင်မြင်စေသူ၊ ညီအကိုအား အပြစ်ခွင့်လွှတ်ချင်စိတ်မရှိစေသူ၊ –တရားခံအစစ်ကြီးပင်ဖြစ်၏။

ထပ်တူထပ်မျှပင် ကျွန်တော်တို့ညီအကိုအား အပြစ်ခွင့်လွှတ်ရန်ပျက်ကွက်သောအခါတွင် ကျွန်တော်တို့ကိုယ်တိုင်လဲ အပြစ်ခွင့်လွှတ်ခြင်းမခံစားကြရတော့ပါ။ ကျွန်တော်တို့ညီအကိုအပေါ် အာဃာတကြီးထားလျက်၊ သူ့ကိုအပြစ်ခွင့်လွှတ်ရန်ငြင်းဆန်လျက်နှင့် ဘုရားသခင်က ကျွန်တော်တို့အားအပြစ်ခွင့်လွှတ်လိမ့်မည်ဟု မျှော်လင့်နေ၍မရပါ။ ဤသို့လုပ်ခြင်းသည် ဘုရားသခင်နှင့် သူ၏သနားဂရုဏာတော်အား အနှစ်သာရမဲ့စွာလှောင်ပြောင်သရော်ခြင်းပင်ဖြစ်နေ၏။ အကယ်၍ ကျွန်တော်တို့ညီအကို၏ ကျူးကျော်စော်ကားမှုကို ကျွန်တော်တို့၏နှလုံးသားထဲမှနေ၍ အပြစ်ခွင့်လွှတ်ခြင်းမပြုခဲ့လျှင် ဘုရားသခင်က ကျွန်တော်တို့အား ကိုယ်စိတ်နှလုံးနှိပ်စက်ညှဉ်းပန်းရာနေရာထဲသို့ (ထာဝရငရဲထဲသို့) ပစ်ချလိမ့်မည်ဖြစ်၏။

ထို့ကြောင့် ကျွန်တော်တို့ညီအကိုများအား အပြစ်ခွင့်လွှတ်ခြင်းတည်းဟူသော လမ်းစဉ်တခုတည်းအားဖြင့်သာ အပြစ်ခွင့်လွှတ်ခြင်း၏ ငြိမ်သက်ခြင်းကောင်းချီးမင်္ဂလာကို ကျွန်တော်တို့ တွေ့ကြုံခံစားနိုင်ကြပါမည်။ ဤအပြစ်ခွင့်လွှတ်ခြင်းကောင်းချီးမင်္ဂလာကို တွေ့ကြုံခံစားကြရခြင်းအားဖြင့်–(အပြစ်မှလွှတ်ခြင်း၊ ဒုစရိုက်အပြစ်ကိုဖုံးအုပ်ခြင်းသို့ရောက်သောသူသည် ကောင်းချီးခံစားရသူဖြစ်၏။ ထာဝရဘုရားအပြစ်တင်တော်မူခြင်းနှင့်လွတ်၍၊ လှည့်စားတတ်သောစိတ်သဘောနှင့်ကင်းစင်သောသူသည် ကောင်းချီးခံစားရသူဖြစ်၏။–ဆာလံ ၃၂း၁–၂) ဟူ၍ ကျွန်တော်တို့သိဆိုနိုင်ကြလိမ့်မည်ဖြစ်၏။ တဦးနှင့်တဦး အပြစ်ခွင့်လွှတ်ကြခြင်းအားဖြင့် ကျွန်တော်တို့သည် (သခင်ခရစ်တော်၏လက်ဝါးကပ်တိုင်ထဲတွင် ကယ်တင်ခြင်းအတူတကွခံစားကြရသော) သန့်ရှင်းသူများ၏(ကောင်းချီးမင်္ဂလာကြွယ်ဝလှသော) မိဿဟာယအသိုင်းအဝိုင်းထဲတွင် အသက်ရှင်နိုင်ကြမည်ဖြစ်၏။

ကျွန်တော်တို့ညီအကိုအား အပြစ်ခွင့်လွှတ်ရန်တာဝန်ပေးအပ်ခြင်း၏ အရေးကြီးပုံကို (သခင်ဘုရား၏ပဌနာတော်ဆုတောင်းချက်ထဲမှ) အပြစ်ခွင့်လွှတ်ခြင်းနှင့်ပတ်သက်သော တခုထဲသောတောင်းပန်ခြင်းသည် ကျွန်တော်တို့ညီအကိုအား ကျွန်တော်တို့က အပြစ်ခွင့်လွှတ်လိုစိတ်ရှိခြင်း/မရှိခြင်းအပေါ်တွင် အခြေခံထားကြောင်း တွေ့ရခြင်း

အားဖြင့် သက်သေထင်ရှားပြီးသားဖြစ်နေ၏။ သခင်ဘုရားကိုယ်တော်တိုင်က (သူ၏တပည့်တော်များအားဆုတောင်းရန်နမူနာအဖြစ်ပေးအပ်ထားသော) သခင်ဘုရား၏ပဌနာတော်ထဲမှ ဤတောင်းပန်ချက်တခုထဲကို အထူးမှတ်ချက်အဖြစ်ဖြင့်–(အဘယ့်ကြောင့်ဆိုသော် သင်တို့သည် သူတပါးတို့၏အပြစ်ကိုခွင့်လွှတ်လျှင်၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့၏အဘသည် သင်တို့၏အပြစ်ကိုခွင့်လွှတ်တော်မူမည်။ သို့သော် အကယ်၍ သင်တို့သည် သူတပါးတို့ ၏အပြစ်ကိုခွင့်မလွှတ်လျှင်၊ သင်တို့အဘသည်လည်း သင်တို့၏အပြစ်ကိုခွင့်လွှတ်တော်မမူ)– ဟု ထပ်မံ၍သွန်သင် ပေးခဲ့၏။

ထို့ကြောင့် အပြစ်မှခွင့်လွှတ်ခြင်းခံစားရရန် သေကောင်ပေါင်းလဲအသည်းအသန်လိုအပ်နေကြသော ကျွန်တော်တို့သည် ကျွန်တော်တို့အားဆန့်ကျင်အပြစ်ပြုမိကြသော ညီအကိုများအားအပြစ်ခွင့်လွှတ်ကြဖို့ လိုလားစွာအသင့်ပြင်ထားသင့်လှပါ၏။

(The Mysteries of the Kingdom, Rev. Herman Hanko ၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။)

==========================================================

ဟေဗြဲ ၁၁း၁–၇၊ ၈–၁၆ (ကျိန်းဘုရင်မူ)

၁ – ယုံကြည်ခြင်းဆိုသည်မှာ မျှော်လင့်သောအရာတို့၏ ခိုင်မာသေချာမှုဖြစ်ပါသည်၊ မမြင်ရသောအရာတို့၏ ခိုင်လုံခြင်းဖြစ်သည်။

၂ – ၎င်းအားဖြင့် လူကြီးများသည် နာမည်ကောင်းကို ရခဲ့ကြသည်။

၃ – ကမ္ဘာများကို ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် တည်ဆောက်သည်ဟု ယုံကြည်ခြင်းအားဖြင့် ကျွန်တော်တို့ နားလည်ကြပါသည်။

၄ – ယုံကြည်ခြင်းအားဖြင့် အေဘဲလ်သည် ကိန်း၏ယဇ်ထက် ပို၍အဆင့်မြင့်သောယဇ်ကို ဘုရားသခင်ထံပူဇော်ခဲ့ပါသည်၊ ထိုအရာအားဖြင် သူသည် ဖြောင့်မတ်သူဖြစ်ကြောင်း သက်သေကိုရခဲ့ပါသည်၊ ဘုရားသခင်က သူ၏လက်ဆောင်များကို အသိအမှတ်ပြုခြင်းဖြင့်ဖြစ်သည်၊ ထိုအရာအားဖြင့် သူသည် သေပြီးဖြစ်သော်လည်း၊ ဆက်၍ပြောဆိုနေဆဲရှိပါသည်။

၅ – ယုံကြည်ခြင်းအားဖြင့် ဧနောခ်သည် သေခြင်းကိုမမြင်ရအောင် ပြောင်းလဲသွား ခဲ့ပါသည်၊ သူ့ကို မတွေ့ရတော့ပါ၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်က သူ့ကို ပြောင်းလဲသွားစေ၍ဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ပြောင်းလဲမသွားခင်၊ သူသည် ဘုရားသခင်ကို စိတ်ကျေနပ်စေသူဖြစ်သည်ဆိုသော သက်သေကို ရခဲ့ပါသည်။

၆ – သို့သော် ယုံကြည်ခြင်းမရှိလျှင်၊ သူ၏စိတ်ကိုကျေနပ်စေဖို့ မဖြစ်နိုင်ပါ၊ အဘယ်ကြောင်ဆိုသော် ဘုရားသခင်ထံလာသောသူသည်၊ သူရှိကြောင်း၊ သူ့ကို လုံ့လဝီရိယနှင့်ရှာသောသူတို့ကို ဆုပေးသူဖြစ်ကြောင်း ယုံကြည်ရမည်ဖြစ်သည်။

၇ – ယုံကြည်ခြင်းဖြင့် နိုးအာသည် ဘုရားသခင်၏သတိပေးခြင်းဖြင့် မမြင်ရသေးသည်တို့ကို သိလျှက်၊ ကြောက်ရွံ့ခြင်းကိုနှိုးဆော်သဖြင့်၊ မိမိအိမ်ထောင်စုကိုကယ်ရန် သင်္ဘောကိုပြင်ဆင်ပါသည်၊ ၎င်းအားဖြင့် သူသည် ကမ္ဘာကြီးကို ပြစ်တင်ရှုတ်ချခဲ့သည်၊ ယုံကြည်ခြင်းဖြင့်ရသော ဖြောင့်မတ်ခြင်းကို အမွေခံရသူဖြစ်လာပါသည်။

၁၁း၈ – ယုံကြည်ခြင်းအားဖြင့် အေဗရာဟမ်သည် နောက်တွင်အမွေအဖြစ်ရမည်ဆိုသောနေရာသို့သွားရန် ခေါ်ခြင်းခံရသောအခါ၊ နာခံခဲ့ပါသည်၊ မည်သည့်နေရာသို့သွားသည်ကိုမသိသော်လည်း သွားခဲ့ပါသည်။

၁၁း၉ – ကတိပေးသောပြည့်တွင် ယုံကြည်ခြင်းဖြင့် လှည့်လည်သွားလာခဲ့သည်၊ သူစိမ်းတိုင်းပြည်တွင်နေရသကဲ့သို့၊ မိမိနှင့်အတူ တခုတည်းသော ကတိတော်ကိုရကြသည့် အမွေခံများဖြစ်သော အိုင်းဇက်၊ ဂျေကော့ပ်တို့နှင့်အတူ တဲများတွင် နေထိုင်ခဲ့ကြသည်။

၁၁း၁၀ – အဘယ်ကြောင့်ဆိုသော် သူသည် အခြေခံအုတ်မြစ်များရှိသည့် မြို့တော်တခုကို ရှာဖွေနေသောကြောင့်ဖြစ်သည်၊ ထိုမြို့တော်ကို ပြုလုပ်သူနှင့် တည်ဆောက်သူသည် ဘုရားသခင်ဖြစ်ပါသည်။

၁၁း၁၁ – ယုံကြည်ခြင်းအားဖြင့် စာရာသည်လည်း၊ မျိုးစေ့ကိုကိုယ်ဝန်ဆောင်နိုင်ရန် ခွန်အားပြန်ရခဲ့ပါသည်၊ အသက်အရွယ်လွန်ပြီးမှ ကလေးကို ဖွားမြင်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ကတိပေးသူသည် သစ္စာရှိသူဖြစ်ကြောင်းသိနေ၍ဖြစ်သည်။

၁၁း၁၂ – ထို့ကြောင့် သေသလောက်ဖြစ်နေသူတဦးထံမှ၊ ကောင်းကင်ရှိကြယ်များရှိသလောက် များပြားလှသော၊ ပင်လယ်ကမ်းစပ်ရှိ သဲများလောက် မရေမတွက်နိုင်အောင်များပြားလှသော လူများ မွေးဖွားလာကြပါသည်။

၁၁း၁၃ – ထိုသူအားလုံး ယုံကြည်ခြင်း၌ကွယ်လွန်ကြသည်၊ ကတိတော်များကို လက်မခံခဲ့ကြ၊ သို့သော် ၎င်းတို့ကို အဝေးမှတွေ့မြင်ကြသည်၊ သေချာလှကြောင်း သိကြသည်၊ ထွေးပိုက်ကြသည်၊ သူတို့သည် ဤကမ္ဘာပေါ်တွင် သူစိမ်းများ၊ လှည့်လည်သွားလာသူများ ဖြစ်ကြသည်ဟု ဝန်ခံခဲ့ကြပါသည်။
၁၁း၁၄ – အဘယ်ကြောင့်ဆိုသော် ထိုအကြောင်းအရာများကို ပြောသောသူတို့က သူတို့သည် မိမိတို့ဇာတိတိုင်းပြည်ကို ရှာဖွေကြသူများဖြစ်သည်ဟု ရှင်းလင်းစွာ ကြေညာကြသည်။
၁၁း၁၅ – အမှန်ပြောရလျှင် သူတို့ထွက်လာသောတိုင်းပြည်ကို အောက်မေ့ကြသည်ဆိုပါက၊ သူတို့သည် ပြန်ရသော အခွင့်ရှိကြပါသည်။
၁၁း၁၆ –သို့သော် ယခုတွင် သူတို့သည် ကောင်းကင်နိုင်ငံဆိုသည့် ပို၍ကောင်းသောတိုင်းပြည်ကိုသာ လိုချင်ကြသည်၊ ထို့ကြောင့် ဘုရားသခင်သည် သူတို့၏ဘုရားဖြစ်သည်ဟု အခေါ်ခံရခြင်းကို ရှက်တော်မမူ၊ သူတို့အတွက် မြို့တော်တခုကို ပြင်ဆင်ပေးတော်မူပါသည်။